“ပေါက်ဖော်မေတ္တာ”

# တောင်းဆိုလိုလားသည့်နေရာတိုင်းတွင် စာသင်ခန်းကိုတည်ထားသည်

ဦးထွန်းနိုင်သည် အလွန်ဖော်ရွေသူ တစ်ဦးဖြစ်ပါသည်။ ယခုအကြိမ် ကူမင်းမြို့တွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် ကမ္ဘာ့ကွန်ဖြူးရှပ်ကျောင်းအစည်းအဝေးကြီးကိုတက်ရောက်ရန် ကုတ်အကျီဝတ်ထားသော်လည်း အသားအရောင်က သူ၏ဇာတိကို ဖော်ပြနေပါသည်။ ဦးထွန်းနိုင်သည် မြန်မာနိုင်ငံ မန္တလေးမြို့ ဖူချင့်ကွန်ဖြူးရှပ်စာသင်ခန်းမှ မြန်မာနိုင်ငံဖက်တာဝန်ရှိသူဖြစ်သည်။ အဆိုပါ ကွန်ဖြူးရှပ်စာသင်ခန်းသည် ၂၀၀၈ ခုနှစ်က မန္တလေးဖူချင့်ဘာသာစကားကွန်ပျူတာစင်တာနှင့် ယူနန်တက္ကသိုလ်တို့ပူးပေါင်းပြီး အတူတည်ထောင်ခဲ့သည်။ မတူသော လူမှုရေးနယ်ပယ်တွင် မတူသော လိုလားချက်ရှိသည်။ ကွန်ဖြူးရှပ်ကျောင်း၊ စာသင်ခန်းစင်တာ အသီးသီး၏အရေးပါသော တာဝန်တစ်ရပ်မှာ ဒေသ၏လိုလားချက်ကို သိရှိနားလည်ရန် ဖြစ်သည်။ ဦးထွန်းနိုင်သည် ကြွယ်ဝသော ဒေသခံဗဟုသုတကိုပိုင်ဆိုင်သော ပညာရှင်တစ်ဦးဖြစ်သည်။

ဦးထွန်းနိုင်သည် မြန်မာနိုင်ငံဖွား တရုတ်လူမျိုးဖြစ်သည်။ ဘာသာစကားသည် ကမ္ဘာ့အနယ်နယ် အရပ်ရပ်တွင် ကွဲပြားနေထိုင်နေကြသော တရုတ်လူမျိုးများနှင့် ဇာတိနိုင်ငံ၏ အနည်းငယ်သော ဆက်သွယ်ချက်အတွင်းတွင်ပါဝင်သည်။ “စာသင်ခန်းက လူငယ်များအတွက် တရုတ်စာသင်ကြားပေးနိုင်သော အခွင့်အရေးရှိနိုင်လျှင် အလွန်ကောင်းမည်ဟု ကျွန်တော်အမြဲစဉ်းစားနေပါသည်။” ဟု ဦးထွန်းနိုင်က ပြောပြသည်။ ထို့ကြောင့် ဘာသာစကားပညာရေးသည် ဤကွန်ဖြူးရှပ်စာသင်ခန်း၏ အလေးထားချက်ဖြစ်လာခဲ့သည်။ မတူညီသော လိုလားချက်ရှိသော ကျောင်းသူကျောင်းသားများအတွက် စာသင်ခန်းမှသင်တန်းများဖွင့်လှစ်ပေးသည်။ မြန်မာအစိုးရကျောင်းများကျောင်းပိတ်ရက်သည် ဖူချင့်ကွန်ဖြူးရှပ်စာသင်ခန်းတွင် အစည်ကားဆုံးအချိန်ဖြစ်သည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားပြီး လုပ်ငန်းများတွင် တရုတ်၊ မြန်မာစာကျွမ်းကျင်သော လူထူးလူချွန်များလိုအပ်ပေသည်။ နှစ်နိုင်ငံ၏ နယ်စပ်ဒေသတွင် ပိုမိုများပြားသော အခွင့်အရေးများရှိပါသည်။ ဦးထွန်းနိုင်၏အလုပ်သည် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်းဖြစ်သည်။ သူသည် မိမိ၏အတွေ့အကြုံဖြင့် ကွန်ဖြူးရှပ်စာသင်ခန်း၏လုပ်ဆောင်ချက်အတွင်းသို့ သယ်ဝင်လာခဲ့သည်။ သူ၏စာသင်ခန်းတွင် ပန်းအလှဆင်သင်တန်း၊ ခရီးသွား(ဂိုက်)လမ်းညွှန်သင်တန်း၊ ကျောက်မျက်ရတနာစစ်ဆေးခြင်းသင်တန်းစသည့် အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများ ဖွင့်လှစ်ခဲ့သည့်အပြင် မြန်မာနိုင်ငံဆေးကုသဌာနများအတွက် အချိန်တိုသင်တန်းများပါ ဖွင့်လှစ်ပေးခဲ့သည်။ ဤတရုတ်စာကို စတင်သင်ယူသော ဆေးဝါးကုသရေးဝန်ထမ်းများသည် တရုတ်နိုင်ငံ “အလင်းရောင်ခရီး” ဆေးကုသအဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်စဉ်ကာလအတွင်းတွင် အဆင်ပြေမှုများစွာ သယ်ဆောင်ပေးနိုင်ခဲ့သည်။

နောက်ထပ် ကိစ္စနှစ်ရပ်အပေါ် ဦးထွန်းနိုင်အထူးဂုဏ်ယူသည်မှာ “ပထမအချက်မှာကျွန်တော်တို့က ဒေသခံဆရာဆရာမများကို ခန့်အပ်ခြင်းကြောင့် ဒေသခံကလေးများက ပိုပြီးနားလည်တတ်ကျွမ်းစေသည်။” နောက်တစ်ရပ်မှာ မြန်မာထူးခြားချက်ပိုရှိသည်-ဖူချင့်ကွန်ဖြူးရှပ်စာသင်ခန်းသည် မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်း(၂၀)ကျော်တွင် စာသင်ဗိုလ်များ သတ်မှတ်ဖွင့်ထားခြင်းပင်ဖြစ်သည်။ “တောင်းဆိုလိုလားသည့် နေရာတိုင်းတွင် စာသင်ခန်းကိုတည်ထားသည်။”





“ယူနန်ရောက်နိုင်ငံခြားသား”

# မာရာ—ကျွန်တော်ဟာ လီကျန်းသားပါ

မကြာမီရက်ပိုင်းက လီကျန်းဟောဖူသရဖူအပန်းဖြေဟိုတယ်၏ ရုံးခန်းသို့ သတင်းထောက် လာရောက်ခဲ့ရာတွင် ဆံပင်ဖြူရှိသော နိုင်ငံခြားသားတစ်ဦး ရုံးခန်းစားပွဲရှေ့တွင် သတင်းစာဖတ်နေသည်ကို တွေ့ရသည်။ ဘေးကဝန်ထမ်းများနှင့် မကြာမကြာစကားပြောလိုက် စဉ်းစားလိုက်နှင့် ဤနိုင်ငံခြားသားမှာ ဟောဖူသရဖူအပန်းဖြေဟိုတယ်၏ အထွေထွေမန်နေဂျာ မာရာဖြစ်ပါသည်။

မစ္စတာမာရာသည် တရုတ်နိုင်ငံ သရဖူအပန်းဖြေဟိုတယ်အုပ်စုတွင် အချိန်ကြာတာဝန်ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်သည်။ အစောပိုင်းကာလက ပေကျင်းနှင့်ရှန်ဟိုင်းတွင် အလုပ်ထမ်းဆောင်စဉ်ကတည်းက လီကျန်းရှုခင်းအလွန်လှပသည်၊ ၎င်းအတွင်းယွီလုံနှင်းတောင်၏ရှုခင်းသည် အထူးလှပခန့်ညားသည်ဟု မိတ်ဆွေများမှ ကြားခဲ့ဖူးသည်။ မာရာသည် ဩစတြေးလျသားတစ်ဦးဖြစ်သည်။ သူသည် နှင်းတောင်ကို အထူးကြိုက်နှစ်သက်သောကြောင့် လီကျန်းသို့ လာပြီး ယွီလုံနှင်းတောင်ကို ရှုမျှော်နိုင်ရန်မျှော်လင့်ထားခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လတွင် မာရာသည် လီကျန်းသို့ရောက်ရှိခဲ့သည်။ လီကျန်းသို့ရောက်ရှိသည့် ပထမရက်မှာ ညနေစောင်းနေပြီဖြစ်သည်။ မာရာသည် နေဝင်ပုံကိုကြည့်ပြီး ဆည်းဆာသည် ရှေးပုံထူးဆန်းသောနာရီးတိုင်းရင်းသားနေအိမ်ကို ဖုံးလွှမ်းပြီး ဤရှုခင်းသည် သမိုင်းကြောင်းနှင့်ပုံပြင်၏ ရသကိုဖော်ထွက်သည်၊ မာရာသည် အဆိုပါနေဝင်ပုံအတွင်း ယစ်မူးသည်။ ထိုအချိန်မှာပင် လီကျန်းကိုမာရာက ကြိုက်နှစ်သက်လာပါသည်။

“ဒီနေရာကပတ်ဝန်းကျင်၊ သမိုင်းကြောင်းဟာ အထူးဆွဲဆောင်မှုရှိတယ်။ လီကျန်းကဲ့သို့သောမြို့မှာ ကမ္ဘာပေါ်မှာ အလွန်ရှားပါးတယ်။ လီကျန်းဟာ နိုင်ငံတကာမြို့ဟုလည်း ဆိုနိုင်ပါတယ်။” ဟု မာရာကပြောသည်။ အနောက်တောင်ပိုင်းက နယ်စပ်မြို့ကလေးမှ ယနေ့နာမည်ကျော် ခရီးသွားမြို့ဖြစ်လာသည်နှင့်အမျှ “လီကျန်းဟာ ကမ္ဘာ့လိုဖြစ်တယ်” လူအများပြောနေကြသောစကားနှင့်ကိုက်ညီပါသည်။ ထို့ကြောင့်သူသည် ဤနေရာတွင် သူ၏ဟိုတယ်လုပ်ငန်းကို ပြန်လည်စတင်လုပ်ဆောင်ရန် ရွေးချယ်ခဲ့ပါသည်။

အလုပ်များဖြင့် ပြည့်ဝနေသော မာရာသည် လီကျန်းခရီးသွားလုပ်ငန်းနှင့် ဟိုတယ်လုပ်ငန်း၏ ပြောင်းလဲမှုများကို အချိန်မရွေး ဂရုစိုက်ကြည့်နေပါသည်။ အချိန်တစ်ခုရောက်သော် လီကျန်းဟိုတယ်လုပ်ငန်းဆိုင်ရာ လူထူးလူချွန်များ မလုံလောက်သော အခြေအနေကို မာရာက တွေ့မြင်ခဲ့သည်။ ထို့နောက် လီကျန်းက အဆင့်မြင့်တက္ကသိုလ်အသီးသီးကို သွားရောက်လည်ပတ်ခဲ့သည်။ “ကျွန်တော် လီကျန်းဆရာနည်းပြကောလိပ်သို့ရောက်တဲ့အခါ ကောလိပ်ရဲ့ စာကြည့်တိုက်၊ စမ်းသပ်ခန်း၊ အားကစားကွင်းစသည်တို့ကိုတွေ့ခဲ့ပါသည်။ ကျောင်းသူကျောင်းသားတွေအဖို့ ကောင်းတဲ့စာသင်ယူမှု ဘေးပတ်ဝန်းကျင်တစ်ခု ထောက်ပံ့ပေးနိုင်တယ်။ ဟိုအခါမှာ ဒီကောလိပ်နဲ့ ပူးပေါင်းမိတ်ဖွဲ့ကိုဖြစ်ချင်ပါတယ်လို့ ကျွန်တော်သိခဲ့ပါတယ်။” ဟု သတင်းထောက်ထံ မာရာကပြောခဲ့သည်။ ထို့ကြောင့် ယခုနှစ်စပိုင်းတွင် လီကျန်းဟောဖူသရဖူအပန်းဖြေဟိုတယ်နှင့် လီကျန်းဆရာနည်းပြကောလိပ်တို့ ပူးပေါင်းပြီး လီကျန်းဟိုတယ်လုပ်ငန်း၏ ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးနိုင်ရန်အတွက် ထက်မြက်သူသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

လီကျန်းကို အဘယ်ကြောင့်အထူးဂရုပြုရသနည်းဟု မေးသောအခါ “ကျွန်တော်ဟာ နိုင်ငံခြားသားမဟုတ်ပါဘူး။ ကျွန်တော်ဟာ လီကျန်းသားပါ။ အကယ်၍သင်ဟာ နေရာတစ်ခုမှာ နေရပါက ဟိုနေရာရဲ့ကိစ္စတွေအတွင်းသို့ တက်ကြွစွာ ပါဝင်ဆောင်ရွက်ရပါမယ်။ သင်နေထိုင်တဲ့နေရာမှာ ဘာတွေဖြစ်နေတာကိုသိရမယ်။ သင်ဟာ ဟိုနေရာရဲ့အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။”ဟု မှတ်သားဖွယ်ဖြစ်အောင် ပြန်လည်ဖြေကြားခဲ့သည်။

ဟောရှီး ခန်းဖင်